# ပရိသတ်ကို စိတ်ဖြာလေ့လာခြင်း။

စိတ်ဖြာလေ့လာခြင်း - ဘယ်သူတွေလဲ ။ အရေအတွက်ဘယ်လောက်လဲ။

နားလည်သိရှိခြင်း - သူတို့မှာ ဘာသာရပ်ဆိုင်ရာ ဗဟုသုတ ဘယ်မျှရှိသလဲ ။

ကိုယ်ရေးရာဇဝင် - သူတို့၏အသက်၊ကျား-မ ၊ နောက်ခံပညာအရည်အချင်း။

စိတ်ဝင်စားမှု - ဘာကြောင့်သူတို့ ဒီမှာရှိသလဲ၊ ဒီကိုလာဖို့ ဘယ်သူက ပြောသလဲ။

နေရာပတ်ဝန်းကျင် - ကျွန်တော် ဘယ်နေရာမှာရပ်ရမည်လဲ။ သူတို့အားလုံး ကျွန်တော်/ကျွန်မကို မြင်နိုင်၊ ကြားနိုင်မလား။

လိုအပ်ချက်များ - သူတို့၏ လိုအပ်ချက်က ဘာတွေလဲ။ ဟောပြောသူ တစ်ယောက်အတွက် လိုအပ်ချက်က ဘာတွေလဲ။

ပြင်ဆင်ခြင်း - ဟောပြောပို့ချရေးအတွက် ဘာတွေလိုအပ်မည်လဲ။

မျှော်မှန်းချက်များ - သူတို့သည် မည်သည့် မျှော်မှန်းချက်များ ထားရှိပြီး သင့်ထံမှ သင်ယူ/ ကြားနာကြသလဲ။

# အခြားသောနည်းလမ်းတစ်ရပ်ဖြင့် ပရိသတ်ကို စိတ်ဖြာလေ့လာခြင်း။

အသက်အပိုင်းအခြား - ပရိသတ်၏ အသက်အပိုင်းအခြားသည် ဆွေးနွေးပို့ချမည့် အကြောင်းအရာကို သဘောပေါက်နားလည်ရေးအတွက် မည်သို့အကျိုးသက်ရောက်မည်လဲ။

ပညာအဆင့်အတန်း - ပရိသတ်၏ ပညာအဆင့်အတန်းက ဟောပြောပို့ချမည့် အကြောင်းအရာအပေါ် မည်သို့ အကျိုးသက်ရောက်မည်လဲ။

လုပ်ငန်းများ - ပရိသတ်သည် အများအကျိုးစီးပွားနှင့်ဆိုင်သော လုပ်ငန်းများကို မျှဝေဆောင်ရွက်ကြပါသလား။

# အခြားသောနည်းလမ်းတစ်ရပ်ဖြင့် ပရိသတ်ကို စိတ်ဖြာလေ့လာခြင်း။

ကျား/မ (လိင်) - ပရိသတ်(သို့မဟုတ်) ဟောပြောပို့ချမည့် အကြောင်းအရာနှင့် ပတ်သက်၍ ကျား/မ(လိင်)ခွဲခြားမှု ပြဿနာများရှိ ပါသလား။

အိမ်ထောင်ရေးအခြေအနေ - ပရိသတ်တွင် ညီမျှသောအိမ်ထောင်ရေး အခြေအနေများရှိပါသလား။

ဘာသာရေး - ဟောပြောပို့ချမည့် အကြောင်းအရာသည် တစ်စုံတစ်ဦး၏ ဘာသာရေးဆိုင်ရာ တန်ဖိုးများကို အနှောက်အယှက်ဖြစ်နိုင်ပါသလား။

ယဉ်ကျေးမှုဓလေ့ထုံးစံ/လူမျိုးစု - ဟောပြောပို့ချသူ အနေဖြင့် ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ လူမျိုးစုဆိုင်ရာ သတိပြုရမည့် အချက်များရှိပါသလား။

ဝါသနာ/စိတ်ဝင်စားမှု/အုပ်စုများ။

အရွယ်အစား။

ပတ်ဝန်းကျင်အနေအထား ။

(နေရာထိုင်ခင်း၊ မြင်နိုင်စွမ်း၊ အပူအအေး၊ အနွေးဓာက် အယှက်များ သတ်မှတ်ချက်။)

ဟောပြောပို့ချမည့် အကြောင်းအရာအပေါ် ပရိသတ်၏ ခံစားချက်ကဘာလဲ။

(စိတ်ဝင်စားမှု၊ ဗဟုသုတ၊ သဘောထားခံယူချက်။)

သင့်အား ဟောပြောပို့ချသူတစ်ယောက်အဖြစ် ပရိသတ်က မည်သို့ သဘောထားပါသလဲ။

(ယုံကြည်မှု၊ ဂုဏ်သိက္ခာ၊ ဤဟောပြောပွဲကို ပရိသတ်က ဘယ်လိုသဘောထားပါသလဲ။)

# သင်နှင့် ပြောဆိုဆက်ဆံမည့် ပုဂ္ဂိုလ်များ၏ အကြောင်းကိုသိပါ။



သင်ပြောဆိုဆက်ဆံရမည့်သူကို မသိမချင်း သင်ဘာကိုပြောမည်၊ ဘယ်လိုပြောရမည်ကို သိမည်မဟုတ်။

# မည်သည့် ပရိသတ်ကိုမဆို . . . .




**ပရိသတ်**

သူငယ်ချင်း၊
လုပ်ဖော်ကိုင်ဖက်၊
စီမံခန့်ခွဲသူများ၊
ဝတ်ပြုသူပရိသတ်၊
ရာထူးဂုဏ်ကြီးသူများ၊
အများပြည်သူ၊
ပြန်ကြားဆက်သွယ်ရေးသမားများ၊
စသည်များ . . . . . . . . . .

**လူပုဂ္ဂိုလ်များ၏ ကွဲပြားခြားနားရခြင်း အကြောင်းရင်းများ။**

ယဉ်ကျေးမှု၊
ဘာသာရေး၊
လိင် (ကျား/မ)၊
ပညာအရည်အချင်း၊
ဘဝအတွေ့အကြုံ၊
စိတ်ဓာတ်လှုံ့ဆော်မှု/စိတ်ပါဝင်စားမှု။



# သင်၏ ပရိသတ်ကို သိပါ။

နားလည်သိရှိခြင်း၏ အဓိပ္ပါယ်က ဘာလဲ။

၁။ ပရိသတ်က ကျွန်ုပ်ကို ဘယ်လို သဘောထားပါသလဲ။

၂။ ဟောပြောပို့ချမည့်အကြောင်းအရာအပေါ် ပရိသတ်၏ ခံစားချက်က ဘာလဲ။

၃။ သူတို့က ဘယ်သူတွေလဲ။

၄။ သူတို့ ဘာကိုစဉ်းစားပြီး ဘာကို ယုံကြည်မည်လဲ။

# မေးမြန်းလာဘွယ်ရာ ရှိသော မေးခွန်းအချို့။

| | | |
|---|---|---|
| **အသက်အပိုင်းအခြား** | - | ပရိသတ်၏အသက်အပိုင်းအခြားက သင်၏ဟောပြောတင်ပြချက်အပေါ် ဘယ်လိုအကျိုးသက်ရောက်မည်လဲ။ |
| **ပညာအဆင့်အတန်း** | - | ပရိသတ်၏ပညာအဆင့်အတန်းက သင်၏ဟောပြောပို့ချမည့် အကြောင်း အရာအပေါ် ဘယ်လိုအကျိုးသက်ရောက်မည်လဲ။ |
| **လုပ်ငန်းများ** | - | ပရိသတ်သည်အများနှင့်ဆိုင်သော လုပ်ငန်းကို မှုဝေဆောင်ရွက်ကြပါသလား။ |
| **ကျား/မ (လိင်)** | - | သင်၏ဟောပြောပို့ချမည့်အကြောင်းအရာတွင် ကျား/မ(လိင်) ခွဲခြားမှုဆိုင်ရာ ပြဿနာများရှိပါသလား။ |
| **အိမ်ထောင်ရေးအခြေအနေ** | - | ညီမျှသောအိမ်ထောင်ရေးအခြေအနေများ ရှိပါသလား။ |
| **ဘာသာရေး** | - | ဟောပြောပို့ချမည့်အကြောင်းအရာသည် တစ်စုံတစ်ဦး၏ ဘာသာရေးဆိုင်ရာ တန်ဖိုးများကို အနှောက်အယှက်ဖြစ်နိုင်ပါသလား။ |
| **ယဉ်ကျေးမှုဓလေ့ထုံးစံ** | - | သတိပြုရမည့် ယဉ်ကျေးမှုဓလေ့ထုံးစံဆိုင်ရာ အချက်အလက်များ ရှိပါသလား။ |
| **စိတ်ဝင်စားမှု** | - | အများအကျိုးစီးပွားနှင့် သက်ဆိုင်သော လုပ်ငန်းများကို မှုဝေဆောင်ရွက်ကြပါသလား။ |

# သင့် ပရိသတ်၏ မေးခွန်းများ။



သင်၏ အဖွဲ့အတွင်း ဖြစ်နိုင်ဘွယ်ရာရှိသော မေးခွန်းများကို ဆွေးနွေးပါ။

ပရိသတ်၏ မေးခွန်းများကို အမြဲတမ်းအသုံးပြုနိုင်အောင် မှတ်သားပြုစုထားပါ။

တစ်ဦးချင်း -----

**မှတ်သားချက်စာရင်းတွင် မေးခွန်း(၁၀)ခုထက် မပိုရ။ ထို့ကြောင့် အရေးကြီးဆုံး မေးခွန်းများကိုသာ ရွေးချယ်မှတ်သားပါ။**

# မှတ်သားချက် စာရင်းကို အသုံးပြုခြင်း။



သင်၏အုပ်စုအတွင်း--

သင့်အဖွဲ့အစည်း၏ အကြောင်းကို စာတမ်းပြုစုရေးဖွဲ့ရန် မေတ္တာရပ်ခံပြီး ဖြစ်ပါသည်။

သင်၏ ပရိသတ်ကို စိတ်ဖြာလေ့လာရန်နှင့် ယင်းတို့၏ အင်္ဂါရပ်များကို ဖော်ထုတ်ရန် သင်၏စာရင်းကို အသုံးပြုပါ။

အုပ်စု -၁ ။ ဒေသခံတောင်သူလယ်သမားများ။
အုပ်စု -၂ ။ စိုက်ပျိုးရေးကောလိပ်မှ ကထိကများ။
အုပ်စု -၃ ။ အမျိုးသားပါလီမန်မှ နိုင်ငံရေးသမား(၁)ဦး။
အုပ်စု -၄ ။ ကမ္ဘာလှည့်ခရီးသွားအဖွဲ့တစ်ဖွဲ့။
အုပ်စု -၅ ။ နိုင်ငံတော်သတင်းစာတိုက်မှ သတင်းထောက်များ။

# သို့လျှင် အဘယ်နည်း။



သင့်အဖွဲ့အတွင်း. . . .

ပရိသတ်အမျိုးအစား တစ်ခုချင်းအတွက် သူတို့အား ဘာကို ပြောမည်နှင့် သတင်းအချက်အလက်များကို ဘယ်လို တင်ပြမည်ကို ရှင်းပြပါ။

# သင်နှင့် ပြောဆိုဆက်ဆံမည့် ပုဂ္ဂိုလ်များ၏ အကြောင်းကို သိပါ။




ကျေးဇူးတင်ပါသည်။